# အချက်အလက် စာလွှာ၊ မိသားစုတွင်း အကြမ်းဖက်မှု

မိသားစုတွင်း အကြမ်းဖက်မှုဟူသည်မှာ ကိုယ်ထိလက်ရောက် ဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာအားဖြင့်ဖြစ်စေ၊ စိတ်ခံစားမှုအရ ဖြစ်စေ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအရ ဖြစ်စေ၊ ရင့်သီးရိုင်းစိုင်းသော၊ ခြိမ်းခြောက်သော သို့မဟုတ် အခြားမည်သည့် နည်းလမ်းဖြင့်မဆို မိသားစုဝင်ကို ထိန်းချုပ်သော သို့မဟုတ် စိုးမိုးခြယ်လှယ်သော သို့မဟုတ် ၎င်းတို့ကို ကြောက်ရွံ့အောင်ပြုလုပ်သော မည်သည့် အပြုအမူမဆို ဖြစ်သည်။ မိသားစုဝင် တစ်ဦးအပေါ်တွင် တန်ခိုး ဩဇာနှင့် ထိန်းချုပ်မှု ရယူရန် အကြမ်းဖက်မှုကို အသုံးပြုလေ့ရှိသည်။

အကြမ်းဖက်မှုသည် ကိုယ်ထိလက်ရောက်ပြုမူမှုသာမကပေ။ မိသားစုတွင်း အကြမ်းဖက်မှုသည် လိင်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှု၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ နှုတ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာလည်း ဖြစ်နိုင်ပေသည်။

## မိသားစုတွင်း အကြမ်းဖက်မှု အမျိုးအစားများ

**လူမှုရေးဆိုင်ရာ**
လူပုဂ္ဂိုလ် တစ်ယောက်အား မိသားစု၊ မိတ်ဆွေသူငယ်ချင်းနှင့် အခြား လူမှုရေး အသိုက်အဝန်းမှ သီးခြားခွဲထားခြင်း၊

**နှုတ်ပိုင်းဆိုင်ရာ**
လူပုဂ္ဂိုလ် တစ်ယောက်အား လှောင်ပြောင်သရော်သည့် သို့မဟုတ် သိမ်ငယ်စေသည့် နှုတ်ပိုင်းဆိုင်ရာ မခံချင်အောင်ပြောသည့် စကားများနှင့် ဓော်ကားမှုများ

**စိတ်ပိုင်းဆိုင်ရာ**
လူပုဂ္ဂိုလ် တစ်ယောက်အား အန္တရာယ်ကျရောက်နေသည်၊ အစွမ်းမရှိ၊ ရူးနှမ်းထွက်မရဖြစ်နေသည်ဟု ခံစားရစေသော အပြုအမူများနှင့် လုပ်ဆောင်မှုများ

**လိင်ပိုင်းဆိုင်ရာ**
မလိုလားအပ်သော၊ အတင်းအကျပ်ပြုသော လိင်ပိုင်းဆိုင်ရာ အပြုအမူ သို့မဟုတ် အနှောင့်အယှက်ပေးမှု

**ကိုယ်ထိလက်ရောက်ပြုမူမှု**
နာကျင်မှုနှင့် ထိခိုက်အနာတရဖြစ်မှု ဖြစ်ပေါ်စေရန် ရုပ်ပိုင်းဆိုင်ရာ အင်အားကို အသုံးပြုခြင်း

**စိတ်ခံစားမှု**
စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုကို ဖြစ်ပေါ်စေသည့် အပြုအမူများနှင့် လုပ်ဆောင်မှုများ

**စိတ်ပိုင်းဆိုင်ရာ**
အကြမ်းဖက်မှုကို တရားမျှတကြောင်းပြရန် ဘာသာရေးဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ယုံကြည်မှုများကို အသုံးပြုခြင်း သို့မဟုတ် သီးခြားဖြစ်သော ဘာသာရေးဆိုင်ရာ ယုံကြည်မှုများကို ကျင့်သုံးရန် လူပုဂ္ဂိုလ် တစ်ယောက်အား ငြင်းပယ်ခြင်း

**စီးပွားရေးဆိုင်ရာ**
လူပုဂ္ဂိုလ် တစ်ယောက်၏ ဘဏ္ဍာငွေကြေးများကို ထိန်းချုပ်ပြီး ၎င်းတို့အား စီးပွားရေးအရ အမှီအခိုကင်းစေရန် ခွင့်မပြုသည့် အပြုအမူများနှင့် လုပ်ဆောင်မှုများ

**အရင်းအမြစ်၊** *အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် အမျိုးသား ကောင်စီ (၂၀၁၉)* ၊ အရေးယူဆောင်ရွက်ရမည့် အချိန်အတွက် နောက်ခံအကြောင်းစာတမ်း၊ အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် အမျိုးသား ကောင်စီ၏ အစီအစဉ်၊ ၂၀၁၉-၂၀၂၁ ၊ *အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် အမျိုးသား ကောင်စီ၊ ကမ်ဘာရာ*

---

City of Casey, Cardinia Shire Council, City of Greater Dandenong နှင့် Monash Health တို့အကြား ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် CHALLENGE Family Violence စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဤအရင်းအမြစ်ကို ရေးသားပြုစုသည်။ ဗိတိုရိယ အစိုးရ၏ ရပ်ရွာ လူ့အဖွဲ့အစည်း ပြစ်မှု ကာကွယ်တားဆီးရေး အစီအစဉ် - ဒေသဆိုင်ရာ ပြစ်မှု ကာကွယ်တားဆီးရေး ပြဿနာများအတွက် ဒေသဆိုင်ရာ ဖြေရှင်းချက်များ - ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ထောက်ပံ့ကြေး အစီအစဉ်အရ ဤစီမံကိန်းကို ရန်ပုံငွေထောက်ပံ့သည်။

City of Casey · Cardinia · Greater Dandenong City of Opportunity · MonashHealth · Victoria State Government

# အချက်အလက် စာလွှာ၊ အမျိုးသမီးများအား အကြမ်းဖက်မှု

အမျိုးသမီးများအား အကြမ်းဖက်မှုသည် အမျိုးသမီးများအား အန္တရာယ် သို့မဟုတ် ဆင်းရဲဒုက္ခ ဖြစ်ပေါ်စေသော မည်သည့် အကြမ်းဖက်မှုမဆို ဖြစ်သည်။

မိသားစုတွင်း အကြမ်းဖက်မှုကို အခံရဆုံးသူများမှာ အမျိုးသမီးများ ဖြစ်ကြပြီး ပြစ်မှုကျူးလွန်သူ အများစုမှာ အမျိုးသားများဖြစ်ကြသည်။

အမျိုးသမီးများအား မိသားစုတွင်း အကြမ်းဖက်မှု ပြစ်မှုကျူးလွန်သူ


**၁၀ ဦးအနက် ၉ ဦးကျော်မှာ**

အမျိုးသားများဖြစ်ကြသည်။

အမျိုးသမီးများသည် လက်ရှိ သို့မဟုတ် ယခင်

**အမျိုးသား အဖော်ထံမှ**

ဤအကြမ်းဖက်မှုကို တွေ့ကြုံရနိုင်ခြေ အများဆုံးဖြစ်သည်။




အမျိုးသမီး ၂၈ ရာခိုင်နှုန်းသည် လက်ရှိ သို့မဟုတ် ယခင် အမျိုးသား အဖော်၊ ရည်းစား သို့မဟုတ် တွဲနေသူထံမှ အကြမ်းဖက်မှုကို တွေ့ကြုံခဲ့ကြရသည်။


**အရင်းအမြစ်များ၊**

ဩစတြေးလျ စာရင်းအင်း ဌာန၊ (၂၀၁၂)၊ တစ်ကိုယ်ရေ လုံခြုံရေး စစ်တမ်းကောက်ယူမှု၊ ကမ်ဘာရာ၊ ဩစတြေးလျ စာရင်းအင်း ဌာန၊

Diemer, K. (၁၀၁၂)၊ *ဗိတိုရိယရှိ မိသားစုတွင်း အကြမ်းဖက်မှုကို တိုင်းတာခြင်း၊ ဗိတိုရိယ မိသားစုတွင်း အကြမ်းဖက်မှု အချက်အလက်များ (အတွဲ ၅)*၊ မဲလ်ဘုန်း၊ ဗိတိုရိယ၊ တရားရေး ဌာန၊



City of Casey, Cardinia Shire Council, City of Greater Dandenong နှင့် Monash Health တို့အကြား ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် CHALLENGE Family Violence စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဤအရင်းအမြစ်ကို ရေးသားပြုစုသည်။ ဗိတိုရိယ အစိုးရ၏ ရပ်ရွာ လူ့အဖွဲ့အစည်း ပြစ်မှု ကာကွယ်တားဆီးရေး အစီအစဉ် - ဒေသဆိုင်ရာ ပြစ်မှု ကာကွယ်တားဆီးရေး ပြဿနာများအတွက် ဒေသဆိုင်ရာ ဖြေရှင်းချက်များ - ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ထောက်ပံ့ကြေး အစီအစဉ်အရ ဤစီမံကိန်းကို ရန်ပုံငွေထောက်ပံ့သည်။

# အချက်အလက် စာလွှာ၊ အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် ပတ်သက်သည့် တွေ့နေကျ ယုံမှတ်ခြင်းများ

## ယုံမှတ်ခြင်း ၁

## အမျိုးသားများက ဆုံးဖြတ်ချက် ချမှတ်သင့်ပြီး ဆက်ဆံရေးတွင် ထိန်းချုပ်မှု ရယူသင့်သည်။

**အမှန်တရား၊ ဆုံးဖြတ်ချက် ချမှတ်မှုကို အမျိုးသားများက ထိန်းချုပ်သည့် မိသားစုများနှင့် ဆက်ဆံရေးတွင် အကြမ်းဖက်မှုသည် ပို၍ အတွေ့ရများပြီး၊ အမျိုးသမီးများတွင် အမီအခိုကင်းမှု အတိုင်းအတာ ပို၍ကြီးမားစွာရှိသည့် ဆက်ဆံရေးတွင် ထိုသို့ဖြစ်မှု နည်းပါးသည်။**

အမျိုးသားနှင့် အမျိုးသမီးများတွင် ကွဲပြားခြားနားသော အခန်းကဏ္ဍများ သို့မဟုတ် ပင်ကိုယ်လက္ခဏာများရှိကြသည် ဟူသော ယုံကြည်မှု (ယေဘုယျအားဖြင့် ဆက်ဆံရေးတွင် ဖြစ်စေ သို့မဟုတ် လူ့အဖွဲ့အစည်းတွင် ဖြစ်စေ)ကို ကျားမ သမားရိုးကျပုံစံပြုမှုဟု သိကြသည်။ ထိုကဲ့သို့သော သမားရိုးကျပုံစံများသည် သိသာထင်ရှားဆုံးဖြစ်သည့် အကြမ်းဖက်မှု ဟောကိန်းထုတ်သူများအနက်တစ်ဦး အပါအဝင်ဖြစ်သည်ဟု နိုင်ငံတကာ လေ့လာမှုများက ထပ်တလဲလဲပြဆိုသည်။ ဆိုလိုသည်မှာ ထိုကဲ့သို့သော ယုံကြည်မှုများကို စွဲကိုင်ထားသည့် လူပုဂ္ဂိုလ် တစ်ဦးချင်းသည် အမျိုးသမီးများအား အကြမ်းဖက်မှုကို ကျူးလွန်ရန် အလားအလာ ပိုများသည်။ ကျားမ သမားရိုးကျပုံစံပြုမှုကို ပိုလက်ခံထားသည့် နိုင်ငံများတွင် အမျိုးသမီးများအား အကြမ်းဖက်မှု အဆင့် ပိုမို မြင့်မားသည်။

၎င်းတို့၏ ဆက်ဆံရေးတွင် အမျိုးသားနှင့် အမျိုးသမီးများ ပို၍ တန်းတူညီမျှကြပြီး၊ ၎င်းတို့၏ ကျားမဖြစ်မှုအပေါ်တွင် အခြေခံလျက်ကွဲပြားသော အခန်းကဏ္ဍများတွင် ပါဝင်ရန် မျှော်လင့်မထားသော လူ့အဖွဲ့အစည်းများတွင် အကြမ်းဖက်မှုကို အတွေ့ရပိုနည်းကြောင်း ကျွန်ုပ်တို့ သိကြသည်။ ပိုမိုကြီးမားသော တန်းတူညီမျှမှုနှင့် ပို၍ပြောင်းလွယ်ပြင်လွယ်ရှိသော အခန်းကဏ္ဍများသည် ၎င်းတို့အား စွမ်းဆောင်ရည် အပြည့်အဝ တိုးတက်ဖြစ်ထွန်းရန် လူတိုင်းအား အခွင့်အလမ်းများပေးသည်။

## ယုံမှတ်ခြင်း ၂

## တစ်စုံတစ်ယောက်သည် အလွန်စိတ်ဆိုးကာ မထိန်းချုပ်နိုင်လျှင် မိသားစုတွင်း အကြမ်းဖက်မှုကို လက်ခံနိုင်သည်။

**အမှန်တရား၊ အမျိုးသမီးများအား အကြမ်းဖက်မှုသည် သင့် ဒေါသပေါက်ကွဲမှုထက် ပိုမိုသော တစ်စုံတစ်ရာအကြောင်း ဖြစ်သည်။**

ကြမ်းကြုတ်သော အပြုအမူအတွက် မည်သည့် အကြောင်းပြချက်မျှ မရှိပေ။ မည်သည့်အခါမျှ မရှိပေ။ လူပုဂ္ဂိုလ် တစ်ဦးချင်း၏ အမျိုးသမီးများအပေါ် သဘောထားများနှင့် အမျိုးသမီးများအား အမျိုးသားများ၏ အကြမ်းဖက်မှုကို လက်ခံနိုင်သည်ဟု ပြောဆိုသော လူမှုရေးဆိုင်ရာ သဘောထားများက အကြမ်းဖက်မှုကို ဖြစ်ပေါ်စေသည်။

## ယုံမှတ်ခြင်း ၃

## အမျိုးသမီးများအနေဖြင့် ကြမ်းကြုတ်သော ဆက်ဆံရေးမှ ထွက်ခွာလိုပါက ထွက်ခွာနိုင်သည်။

**အမှန်တရား၊ အမျိုးသမီးများသည် ကြမ်းကြုတ်သော ဆက်ဆံရေးမှ ထွက်ခွာရန် ကြိုးပမ်းသောအခါ သို့မဟုတ် ကြမ်းကြုတ်သော ဆက်ဆံရေးမှ ထွက်ခွာပြီးနောက် လူသတ်မှုအပါအဝင် အဆိုးစွန်သော အကြမ်းဖက်မှု ကျရောက်နိုင်သည့် အန္တရာယ်ရှိသည်။ လုံခြုံမှုနှင့် ကလေးများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် ကြောက်ရွံ့ရမှုကြောင့် ကြမ်းကြုတ်သော ဆက်ဆံရေးမှ ထွက်ခွာရန် အမျိုးသမီးများသည် အလွန်ပင် အခက်တွေ့ကြသည်။**

အမျိုးသမီးများသည် မထွက်ခွာလျှင် အကြမ်းဖက်မှုအတွက် အမျိုးသမီးများအပေါ်တွင် ကျွန်ုပ်တို့ အပြစ်မတင်ရပေ။

City of Casey, Cardinia Shire Council, City of Greater Dandenong နှင့် Monash Health တို့အကြား ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် CHALLENGE Family Violence စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဤအရင်းအမြစ်ကို ရေးသားပြုစုသည်။ ဗိတိုရိယ အစိုးရ၏ ရပ်ရွာ လူ့အဖွဲ့အစည်း ပြစ်မှု ကာကွယ်တားဆီးရေး အစီအစဉ် - ဒေသဆိုင်ရာ ပြစ်မှု ကာကွယ်တားဆီးရေး ပြဿနာများအတွက် ဒေသဆိုင်ရာ ဖြေရှင်းချက်များ - ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ထောက်ပံ့ကြေး အစီအစဉ်အရ ဤစီမံကိန်းကို ရန်ပုံငွေထောက်ပံ့သည်။

# အချက်အလက် စာလွှာ၊ အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် ပတ်သက်သည့် တွေ့နေကျ ယုံမှတ်ခြင်းများ

## ယုံမှတ်ခြင်း ၄

## အများပြည်သူဆိုင်ရာ နေရာတစ်ခုတွင် အမျိုးသမီးများသည် လူစိမ်းတစ်ယောက်၏ အဓမ္မပြုကျင့်မှုကို ခံရနိုင်ခြေ အများဆုံးရှိသည်။

**အမှန်တရား၊ အမျိုးသားနှင့် အမျိုးသမီးများ နှစ်မျိုးစလုံးသည် လူစိမ်းတစ်ယောက်ထက် ၎င်းတို့ သိသည့် တစ်စုံတစ်ယောက်၏ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုကို ခံရနိုင်ခြေ ပိုရှိသည်။**

ဩစတြေးလျ စာရင်းအင်း ဌာန၏ အဆိုအရ အမျိုးသမီးများအားလုံး၏ ၁၅ ရာခိုင်နှုန်းနှင့် အသက် ၁၈ နှစ်နှင့် အထက် အမျိုးသားများအားလုံး၏ ၃ ရာခိုင်နှုန်းသည် သိသော ပုဂ္ဂိုလ် တစ်ယောက်၏ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုကို ခံခဲ့ရသည်။ ၎င်းမှာ လူစိမ်းတစ်ယောက်၏ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုကို ခံခဲ့ရသည့် အမျိုးသမီးများအားလုံး၏ ၃.၈ ရာခိုင်နှုန်းနှင့် အမျိုးသားများအားလုံး၏ ၁.၆ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ချက်တစ်ခုဖြစ်သည် ။

လူစိမ်း အန္တရာယ် စိတ်ကူးယဉ်မှုသည် အမျိုးသမီးများသည် ၎င်းတို့ သိသည့် တစ်စုံတစ်ယောက်က ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်တိုက်ခိုက်မှုကို သတင်းပို့ရန် အလားအလာ နည်းသည် ဟူသော အကြောင်းရင်းများအနက် တစ်ခုဖြစ်သည်။ ၎င်းတို့အား မည်သူမျှ ယုံကြည်မည်မဟုတ် သို့မဟုတ် ၎င်းတို့သည် ကျူးလွန်သူအား တစ်နည်းနည်းဖြင့် တိုက်တွန်းအားပေးသည်ဟု ၎င်းတို့အနေဖြင့် ကြောက်ရွံ့ကောင်း ကြောက်ရွံ့နိုင်သည်။ ဤစိတ်ကူးယဉ်မှုသည် ပျက်သွားသည်နှင့် အမျိုးသမီးများသည် ရှေ့သို့ထွက်ပြီး သိသည့် တိုက်ခိုက်သူတစ်ယောက်ကို သတင်းပို့ရန် ပို၍ စိတ်အားထက်သန်ကောင်း ထက်သန်လာလိမ့်မည်။

## ယုံမှတ်ခြင်း ၅

## မိသားစုတွင်း အကြမ်းဖက်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုနှင့် ပတ်သက်၍ အမျိုးသမီးများစွာသည် မှားယွင်း စွပ်စွဲမှု ပြုလုပ်သည်။

**အမှန်တရား၊ မိသားစုတွင်း အကြမ်းဖက်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုအား မှားယွင်း စွပ်စွဲမှုများမှာ အလွန်ပင် ရှားသည်။**

လက်ရှိအဖော် အကြမ်းဖက်မှုကို တွေ့ကြုံရသည့် အမျိုးသမီးများ၏ ၈၀ ရာခိုင်နှုန်းသည် ထိုအကြမ်းဖက်မှုနှင့် ပတ်သက်၍ ရဲကို ဆက်သွယ်လေ့မရှိကြပေ။

လိင်ပိုင်းဆိုင်ရာ ကျူးလွန်တိုက်ခိုက်မှုနှင့် ပတ်သက်၍လည်း အလားတူပင် မှန်ကန်သည်။ အမျိုးသမီးများ၏ ၈၀ ရာခိုင်နှုန်းသည် လိင်ပိုင်းဆိုင်ရာ ကျူးလွန်တိုက်ခိုက်မှုအား ရဲကို သတင်းပို့လေ့ မရှိကြပေ။

ဤအကြမ်းဖက်မှုနှင့် ပတ်သက်၍ တစ်စုံတစ်ယောက်ကို ပြောပြရန်မှာ အမျိုးသမီးများအတွက် အလွန်ခက်ခဲနိုင်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ၎င်းတို့အား ယုံကြည်ရန် အရေးကြီးသည်။

**အရင်းအမြစ်၊**


ကျွန်ုပ်တို့ စောင့်ကြည့်မှု၊ (၂၀၁၅)၊ အကြမ်းဖက်မှုနှင့် ပတ်သက်သည့် ယုံမှတ်ခြင်းများ၊ www.ourwatch.org.au/Understanding-Violence/Myths-about-violence မှ ပြန်လည်ရယူသည်။

City of Casey, Cardinia Shire Council, City of Greater Dandenong နှင့် Monash Health တို့အကြား ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် CHALLENGE Family Violence စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဤအရင်းအမြစ်ကို ရေးသားပြုစုသည်။ ဗိတိုရိယ အစိုးရ၏ ရပ်ရွာ လူ့အဖွဲ့အစည်း ပြစ်မှု ကာကွယ်တားဆီးရေး အစီအစဉ် - ဒေသဆိုင်ရာ ပြစ်မှု ကာကွယ်တားဆီးရေး ပြဿနာများအတွက် ဒေသဆိုင်ရာ ဖြေရှင်းချက်များ - ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ထောက်ပံ့ကြေး အစီအစဉ်အရ ဤစီမံကိန်းကို ရန်ပုံငွေထောက်ပံ့သည်။


# အချက်အလက် စာလွှာ၊ ကလေးများအား အကြမ်းဖက်မှု



အိမ်ထောင်အတွင်းတွင် မိသားစုတွင်း အကြမ်းဖက်မှုဖြစ်ပေါ်သောအခါ ကလေးများသည် မကြာမကြာ ရောက်ရှိနေတတ်သည်။




၎င်းတို့၏ ဘဝတွင် မိသားစုတွင်း အကြမ်းဖက်မှုကို ကြုံတွေ့ကြရသည့် ဩစတြေးလျ အမျိုးသမီးများ၏ ၅၀ ရာခိုင်နှုန်းကျော်သည် ဤကာလအတောအတွင်း မိမိတို့၏ ကလေးများကို ပြုစုစောင့်ရှောက်နေကြသည်။



(အသက် ၁၂ မှ ၂၀ နှစ်အထိ) လူငယ် လေးယောက်အနက် တစ်ယောက်သည် ၎င်းတို့၏ မခင် သို့မဟုတ် မိထွေးအား အကြမ်းဖက်မှုကို မျက်မြင်တွေ့ကြရသည်။

## မိခင်များသည် အကြမ်းဖက်မှုကို ကြုံတွေ့ကြရသည့်အခါ

၎င်းတို့၏ ကလေးများသည်လည်း နှိပ်စက်ညှဉ်းပန်းခြင်းကို ခံစားရရန် ဖြစ်နိုင်ဖွယ်ရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ ထိုတူညီသော ပုဂ္ဂိုလ်သည် မိခင်နှင့် ကလေးအပေါ် အကြမ်းပတမ်းပြုမူသည် သို့မဟုတ် ထိုကလေးသည် အကြမ်းမတမ်းပြုမူ လုပ်ဆောင်မှုများတွင် ပိတ်မိသောအခါ ထိခိုက်အနာတရ ဖြစ်ကောင်းဖြစ်နိုင်သည်။ ကလေးများအားလည်း ၎င်းတို့၏ မိဘများက လျစ်လျူရှုနိုင်ပေသည်။

ကလေးများသည် အကြမ်းဖက်မှုနှင့် နှိပ်စက်မှုများကို ကြုံတွေ့ရသောအခါ ၎င်းကို ကလေးသူငယ်အား

**နှိပ်စက်ညှဉ်းပန်းခြင်းဟု သိကြသည်။**


**အရင်းအမြစ်များ၊**

ဩစတြေးလျ စာရင်းအင်း ဌာန၊ (၂၀၀၆)၊ *တစ်ကိုယ်ရေ လုံခြုံရေး စစ်တမ်းကောက်ယူမှု၊ ကမ်ဘရာ၊* ဩစတြေးလျ စာရင်းအင်း ဌာန၊

Laing, L. (၂၀၀၃)၊ *ကလေးသူငယ်အား နှိပ်စက်ညှဉ်းပန်းခြင်းနှင့် လျစ်လျူရှုခြင်း အခြေအနေရှိ မိသားစုတွင်း အကြမ်းဖက်မှု၊* ပြဿနာ စာတမ်း၊ ဩစတြေးလျ အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှု၊ Clearinghouse, UNSW, ဆစ်ဒနီ၊




City of Casey, Cardinia Shire Council, City of Greater Dandenong နှင့် Monash Health တို့အကြား ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် CHALLENGE Family Violence စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဤအရင်းအမြစ်ကို ရေးသားပြုစုသည်။ ဗိတိုရိယ အစိုးရ၏ ရပ်ရွာ လူ့အဖွဲ့အစည်း ပြစ်မှု ကာကွယ်တားဆီးရေး အစီအစဉ် - ဒေသဆိုင်ရာ ပြစ်မှု ကာကွယ်တားဆီးရေး ပြဿနာများအတွက် ဒေသဆိုင်ရာ ဖြေရှင်းချက်များ - ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ထောက်ပံ့ကြေး အစီအစဉ်အရ ဤစီမံကိန်းကို ရန်ပုံငွေထောက်ပံ့သည်။

# အချက်အလက် စာလွှာ၊ အမျိုးသားများအား အကြမ်းဖက်မှု

အမျိုးသားများအား အကြမ်းဖက်မှုကို ပုံမှန်အားဖြင့် လူစိမ်းအမျိုးသား သို့မဟုတ် အမျိုးသားများ မိတ်ဆွေ သို့မဟုတ် အသိအကျွမ်းဖြစ်သည့် အခြား အမျိုးသားများက ကျူးလွန်ရန် ဖြစ်နိုင်ခြေအများဆုံးရှိသည်။

အမျိုးသားများအား အကြမ်းဖက်မှု၏ ၅ ရာခိုင်နှုန်းကိုသာ လက်ရှိ သို့မဟုတ် ယခင် အမျိုးသမီး အဖော်နှင့် ၃.၅ ရာခိုင်နှုန်းကို ရည်းစား (သို့မဟုတ် တွဲနေသူ)က ကျူးလွန်ခဲ့သည်။




အမျိုးသားများသည် မိသားစုတွင်း အကြမ်းဖက်မှုကို ခံရသူများဖြစ်သောအခါ ၎င်းကို ပုံမှန်အားဖြင့် ဖခင်များ၊ ညီအကိုများ သို့မဟုတ် ဇနီးသည်ဘက်မှ အခြားဆွေမျိုးများကဲ့သို့သော

**အမျိုးသားများ ဆွေမျိုးများက**

ကျူးလွန်ကြသည်။

**အရင်းအမြစ်၊**

ဩစတြေးလျ စာရင်းအင်း ဌာန၊ (၂၀၁၂)၊
*တစ်ကိုယ်ရေ လုံခြုံရေး စစ်တမ်းကောက်ယူမှု၊*
*ကမ်ဘာရာ၊* ဩစတြေးလျ စာရင်းအင်း ဌာန၊


City of Casey, Cardinia Shire Council, City of Greater Dandenong နှင့် Monash Health တို့အကြား ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် CHALLENGE Family Violence စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဤအရင်းအမြစ်ကို ရေးသားပြုစုသည်။ ဗိတိုရိယ အစိုးရ၏ ရပ်ရွာ လူ့အဖွဲ့အစည်း ပြစ်မှု ကာကွယ်တားဆီးရေး အစီအစဉ် - ဒေသဆိုင်ရာ ပြစ်မှု ကာကွယ်တားဆီးရေး ပြဿနာများအတွက် ဒေသဆိုင်ရာ ဖြေရှင်းချက်များ - ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ထောက်ပံ့ကြေး အစီအစဉ်အရ ဤစီမံကိန်းကို ရန်ပုံငွေထောက်ပံ့သည်။

# အချက်အလက် စာလွှာ၊ ကျွန်ုပ်တို့၏ ရပ်ရွာ အပေါ်တွင် မိသားစုတွင်း အကြမ်းဖက်မှု၏ အကျိုးသက်ရောက်မှုများ

မိသားစုတွင်း အကြမ်းဖက်မှုသည် လူပုဂ္ဂိုလ် တစ်ယောက်၏ ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာ အပေါ်တွင် ပြင်းထန်သော သက်ရောက်မှုများရှိသည်။

ဗိတိုရိယတွင် အမျိုးသမီးများအား ရင်းနှီးကျွမ်းဝင်သော အဖော်က အကြမ်းဖက်မှုသည် အသက် ၁၅ နှစ်မှ ၄၄ နှစ်အတွင်း အမျိုးသမီးများတွင် သွေးပေါင်ချိန်မြင့်မားခြင်း၊ အဝလွန်ခြင်းနှင့် ဆေးလိပ်သောက်ခြင်း အပါအဝင် အခြား မည်သည့် ဘေးအန္တရာယ် အကြောင်းရင်းများထက်မဆို ကာကွယ်တားဆီးနိုင်သော နာမကျန်းမှုများနှင့် အရွယ်မတိုင်မီ ဆုံးပါးခြင်းတို့အတွက် အကြီးမားဆုံးသော အကြောင်းရင်းဖြစ်သည်။

ကလေးများအား အကြမ်းပတမ်းပြုမူခြင်းသည် အနာတရ ဖြစ်မှုများနှင့် မသန်မစွမ်းမှုများကို ဖြစ်ပေါ်စေနိုင်သည်။

မိသားစုတွင်း အကြမ်းဖက်မှုကို ကြုံတွေ့ကြရသည့် အမျိုးသမီးများတွင် စိုးရိမ်သောက၊ နှင့် စိတ်ဓာတ်ကျခြင်း နှင့်/ သို့မဟုတ် စားသောက်မှုဆိုင်ရာ ရောဂါများဖြစ်ရန် အလားအလာပိုများသည်။ ၎င်းတို့သည် အရက်သေစာ ပြဿနာများ ဖြစ်ရန်၊ ဆေးလိပ်သောက်ရန်နှင့် ဆေးညွှန်းမဟုတ်သော ဆေးများကို သောက်သုံးရန် အလားအလာပိုများသည်။

မိသားစုတွင်း အကြမ်းဖက်မှုကို ကြုံတွေ့ကြရသည့် သို့မဟုတ် မြင်တွေ့သည့် ကလေးများတွင် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်သောက၊ စိတ်ဒဏ်ရာ၊ ရန်လိုမှု၊ ရင်းနှီးဖော်ရွေမှုမရှိသော အပြုအမူ၊ မိမိကိုယ်ကို လေးစားမှု လျော့ကျခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်အခြေအနေ ပြဿနာများနှင့် ရွယ်တူများနှင့် ပဋိပက္ခများကို ကြုံတွေ့နိုင်သည်။

မိသားစုတွင်း အကြမ်းဖက်မှု၏ ဩစတြေးလျ စီးပွားရေးအပေါ် စုစုပေါင်း ကုန်ကျစရိတ်ကို

**၁၃.၆ ဘီလီယံ ဒေါ်လာရှိသည်ဟု**

ခန့်မှန်းတွက်ချက်ထားသည်။


**အရင်းအမြစ်များ၊**

Braaf, R. ၊ (၂၀၁၂)၊ *အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှုဆိုင်ရာ ကျန်းမာရေး အကျိုးသက်ရောက်မှုများ၊* ဆစ်ဒနီ၊ ဩစတြေးလျ အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှု၊ Clearinghouse, UNSW,

အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် အမျိုးသား ကောင်စီ၊ (၂၀၀၉)၊ *အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု၏ စီးပွားရေးဆိုင်ရာ ကုန်ကျစရိတ်၊* ခနသဟာယ ဩစတြေးလျ အစိုးရ၊ မိသားစုများ၊ အိမ်ယာ၊ ရပ်ရွာလူ့အဖွဲ့အစည်း ဝန်ဆောင်မှုများနှင့် တိုင်းရင်းသား ရေးရာ၊ ကမ်ဘာရာ

Richards, K. (၂၀၁၁)၊ ဩစတြေးလျတွင် အိမ်တွင်း အကြမ်းဖက်မှုအား ကလေးများ တွေ့ကြုံရမှု၊ *ပြစ်မှုနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်မှုတွင် ဦးတည်ရာများနှင့် ပြဿနာများ၊ အမှတ် ၄၁၉၊* ၂၀၁၁ ခု ဇွန်လ၊

Vichealth. (မသိရသေး)၊ *အမျိုးသမီးများအား အကြမ်းဖက်မှုက ကျန်းမာရေးအပေါ် သက်ရောက်ပုံ၊* www.vichealth.vic.gov.au/Programs-and-Projects/Freedom-from-violence/PVAW-overview.aspx မှ ပြန်လည်ရယူသည်။


---


City of Casey, Cardinia Shire Council, City of Greater Dandenong နှင့် Monash Health တို့အကြား ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် CHALLENGE Family Violence စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဤအရင်းအမြစ်ကို ရေးသားပြုစုသည်။ ဗိတိုရိယ အစိုးရ၏ ရပ်ရွာ လူ့အဖွဲ့အစည်း ပြစ်မှု ကာကွယ်တားဆီးရေး အစီအစဉ် - ဒေသဆိုင်ရာ ပြစ်မှု ကာကွယ်တားဆီးရေး ပြဿနာများအတွက် ဒေသဆိုင်ရာ ဖြေရှင်းချက်များ - ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ထောက်ပံ့ကြေး အစီအစဉ်အရ ဤစီမံကိန်းကို ရန်ပုံငွေထောက်ပံ့သည်။

# အချက်အလက် စာလွှာ၊ မိသားစုတွင်း အကြမ်းဖက်ခံရသူများအား ပံ့ပိုးထောက်ကူခြင်း၊

ခက်ခဲသော အချိန်ကာလများတွင် လမ်းညွှန်မှုနှင့် ပံ့ပိုးထောက်ကူမှု ရယူရန် လူများသည် ၎င်းတို့၏ ဘာသာရေး ခေါင်းဆောင်များနှင့် ရပ်ရွာလူ့အဖွဲ့အစည်းထံသို့ မကြာမကြာ မေတ္တာရပ်ခံကြသည်။ မိသားစုတွင်း အကြမ်းဖက်မှုကို တွေ့ကြုံရသူများသည် ၎င်းတို့၏ ဘာသာရေးဆိုင်ရာ ရပ်ရွာလူ့အဖွဲ့အစည်းထံမှ ပံ့ပိုးထောက်ကူမှုများနှင့် အကြံဉာဏ်ကို ရယူကောင်း ရယူနိုင်သည်။ ဘာပြောရမည် သို့မဟုတ် လုပ်ရမည်ကို သိရှိရန် ခက်ခဲနိုင်ပေသည်။ သို့သော် စာနာတတ်ရန်၊ အကူအညီနှင့် ပံ့ပိုးမှု ပေးရန် သတိရရန် အရေးကြီးသည်။ အောက်ပါတို့ကို ပြုလုပ်ရန် သတိရပါ။

ထိုပုဂ္ဂိုလ်ကို ယုံကြည်ပြီး ၎င်းတို့အား သင ယုံကြည်ကြောင်းကို အသိပေးပါ။

၎င်းတို့၏ အတွေ့အကြုံများကို နားထောင်ပါ။

လူများအား ဂေဖန်ခြင်း မပြုပါနှင့်၊

ထိုပုဂ္ဂိုလ်၏ ဖြစ်ရပ်ကို လျှို့ဝှက်ထားပါ။ အခြားသူများအား ပြောပြခြင်းသည် ၎င်းတို့အား ထပ်မံ၍ အကြမ်းဖက်မှု အန္တရာယ် ကျရောက်ကောင်း ကျရောက်စေနိုင်သောကြောင့်ဖြစ်သည်။

ထိုအကြမ်းဖက်မှုအတွက် ၎င်းတို့ကို အပြစ်တင်ရမည်မဟုတ်ကြောင်း ၎င်းတို့ကို ပြောပြပါ။

ထိုပုဂ္ဂိုလ်၏ ဆုံးဖြတ်ချက်များကို လေးစားပါ။

1800 RESPECT (၁၈၀၀ ၇၃၇ ၇၃၂) သို့မဟုတ် SAFE STEPS FAMILY VIOLENCE (၁၈၀၀ ၀၁၅ ၁၈၈) ကဲ့သို့သော ပံ့ပိုးထောက်ကူရေး ဝန်ဆောင်မှုများဆိုင်ရာ သင့်လျော်သော အချက်အလက်များကို ပေးအပ်ပါ။

အကြမ်းဖက်မှုကို တွေ့ကြုံခဲ့ရသည့် တစ်စုံတစ်ယောက်ကို ပံ့ပိုးရသည်မှာ စိုးရိမ်သောကရောက်ဖွယ် ဖြစ်နိုင်ပေသည်။ သင့်ကိုယ်သင် ပြုစုစောင့်ရှောက်ရန် အရေးကြီးပြီး အောက်ပါတို့ကို သတိရပါ။

သင့် အကူအညီနှင့် ပံ့ပိုးမှုသည် အရေးကြီးသည်။

သင ပေးနိုင်သည်ထက် ပိုမိုများပြားသော ပံ့ပိုးမှုကို ပေးရန် သင့်ကိုယ်သင် ဖိအားမပေးပါနှင့်။

အကယ်၍ သင မသေချာလျှင် သို့မဟုတ် စိတ်ထိခိုက်ခံစားနေရလျှင် ဝန်ဆောင်မှုဌာနတစ်ခုနှင့် ဆွေးနွေးပါ။

ဂိတိုရိယ၊ အိမ်တွင်း အကြမ်းဖက်မှု အရင်းအမြစ် စင်တာ (http://www.dvrcv.org.au/help-advice/guide-for-families-friends-and-neighbours) ဆီလျော်အောင် ပြုပြင်ထားသည်။

City of Casey, Cardinia Shire Council, City of Greater Dandenong နှင့် Monash Health တို့အကြား ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် CHALLENGE Family Violence စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဤအရင်းအမြစ်ကို ရေးသားပြုစုသည်။ ဂိတိုရိယ အစိုးရ၏ ရပ်ရွာ လူ့အဖွဲ့အစည်း ပြစ်မှု ကာကွယ်တားဆီးရေး အစီအစဉ် - ဒေသဆိုင်ရာ ပြစ်မှု ကာကွယ်တားဆီးရေး ပြဿနာများအတွက် ဒေသဆိုင်ရာ ဖြေရှင်းချက်များ - ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ထောက်ပံ့ကြေး အစီအစဉ်အရ ဤစီမံကိန်းကို ရန်ပုံငွေထောက်ပံ့သည်။

City of Casey
Cardinia
Greater Dandenong City of Opportunity
MonashHealth
Victoria State Government

# အချက်အလက် စာလွှာ၊ မိသားစုတွင်း အကြမ်းဖက်မှုနှင့် ပတ်သက်၍ ဥပဒေက ပြဌာန်းထားပုံ

အကြမ်းဖက်မှုနှင့် နှိပ်စက်ညှဉ်းပန်းခြင်းမှ ကင်းဝေးသည့် ဘေးအန္တရာယ်ကင်းရှင်းသော ဘဝတစ်ခု နေထိုင်ရန် အခွင့်အရေး လူတိုင်းတွင်ရှိသည်။ တစ်စုံတစ်ယောက်က ကိုယ်ထိလက်ရောက် နာကျင်စေခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ထိတွေ့ရန် အခြားတစ်ယောက်အား အကျပ်ကိုင်ခြင်း သို့မဟုတ် အတင်းအကျပ် လုပ်စေခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်။

အကယ်၍ တစ်စုံတစ်ယောက်သည် ချက်ချင်း အန္တရာယ်ကျရောက်နေလျှင် သို့မဟုတ် ကိုယ်ထိလက်ရောက် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုခံရလျှင်၊ ခြိမ်းခြောက်ခံရလျှင် သို့မဟုတ် ချောင်းမြောင်းခံရလျှင် ထိုပုဂ္ဂိုလ်သည် ၀၀၀ ကို နှိပ်လျက် ရဲကို ဖုန်းဆက်နိုင်သည်။

ဗိတိုရိယတွင် တစ်စုံတစ်ယောက်သည် ထပ်လောင်း အကြမ်းဖက်မှုမှ အကာအကွယ်ပေးမှု လိုအပ်လျှင် ၎င်းသည် ကြားဝင်မှု အမိန့်တစ်ခုကို လျှောက်ထားနိုင်သည်။ လူပုဂ္ဂိုလ်တစ်ယောက်၏ ကိုယ်စား ကြားဝင်မှု အမိန့်တစ်ခုကို ရဲကလည်း လျှောက်ထားနိုင်သည်။ ကြားဝင်မှု အမိန့်တစ်ရပ်သည် မတရားဖိနှိပ်သူအနေဖြင့် ထိုပုဂ္ဂိုလ်အား မနာကျင်စေရ သို့မဟုတ် ခြိမ်းခြောက်ခြင်းမပြုရ၊ သို့မဟုတ် အနားသို့မလာရ သို့မဟုတ် ထိုပုဂ္ဂိုလ်နှင့် မဆက်သွယ်ရ ကဲ့သို့သော စည်းကမ်း သတ်မှတ်ချက် အမျိုးမျိုးကို လိုက်နာရမည်ဟု ဖော်ပြကောင်း ဖော်ပြမည့် တရားရုံး အမိန့်တစ်ရပ်ဖြစ်သည်။ အကယ်၍ မတရားဖိနှိပ်သူသည် ကြားဝင်မှု အမိန့်ကို မလိုက်နာပါက ၎င်းကို ဥပဒေချိုးဖောက်သော ပြစ်မှုဖြင့် တရားစွဲဆိုနိုင်သည်။

## မိသားစုတွင်း အကြမ်းဖက်မှုကို သတင်းပို့အစီရင်ခံခြင်း

ဗိတိုရိယတွင် ကလေးတစ်ယောက်သည် ဝေဒနာခံစားနေရလျှင် သို့မဟုတ် ကိုယ်ထိလက်ရောက် နာကျင်စေခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှု အန္တရာယ်ကျရောက်နေလျှင် ရာထူးအချို့တွင် ရှိနေကြသော သူများက သတင်းပို့ရမည်။ ဤပုဂ္ဂိုလ်များတွင် ဆေးဘက်ဆိုင်ရာ ဆရာဝန်များ၊ သူနာပြုများ၊ ဝမ်းဆွဲဆရာမများ၊ ဆရာများ၊ ကျောင်းအုပ်ကြီးများ၊ မှတ်ပုံတင်ထားသော စိတ်ပညာရှင်များ သို့မဟုတ် ကျန်းမာရေး၊ ပညာရေး၊ ရပ်ရွာ လူ့အဖွဲ့အစည်း သို့မဟုတ် လူမှုဖူလုံရေး ဝန်ဆောင်မှုဌာနများတွင် အလုပ်လုပ်ကြသည့် လူငယ်၊ လူမှုရေး သို့မဟုတ် လူမှုဖူလုံရေး လုပ်ဆောင်မှုတွင် အထက်တန်းလွန် အရည်အချင်းများရှိသည့် မည်သူမဆို ပါဝင်သည်။

အကယ်၍ ဘာသာရေး ခေါင်းဆောင် တစ်ယောက်သည် ဤရာထူးများအနက် တစ်ခု(သို့မဟုတ် ပို၍) ရယူထားလျှင် ၎င်းသည် ကလေးတစ်ယောက်အပေါ်တွင် ကိုယ်ထိလက်ရောက် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု အန္တရာယ်ကို သတင်းပို့ရန် လိုအပ်သည်။

ဗိတိုရိယတွင် ဘာသာရေး ခေါင်းဆောင်များသည် လူကြီးများအား မိသားစုတွင်း အကြမ်းဖက်မှုကို ဥပဒေအရ သတင်းပို့ရန် မလိုအပ်ပေ။




**အရင်းအမြစ်များ၊**

ဗိတိုရိယ၊ အိမ်တွင်း အကြမ်းဖက်မှု အရင်းအမြစ် စင်တာ (http://www.dvrcv.org.au/help-advice/are-you-happy)

ဩစတြေးလျ မိသားစု လေ့လာရေး သိပ္ပံ
(https://www3.aifs.gov.au/cfca/publications/mandatory-reporting-child-abuse-and-neglect)

City of Casey, Cardinia Shire Council, City of Greater Dandenong နှင့် Monash Health တို့အကြား ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် CHALLENGE Family Violence စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဤအရင်းအမြစ်ကို ရေးသားပြုစုသည်။ ဗိတိုရိယ အစိုးရ၏ ရပ်ရွာ လူ့အဖွဲ့အစည်း ပြစ်မှု ကာကွယ်တားဆီးရေး အစီအစဉ် - ဒေသဆိုင်ရာ ပြစ်မှု ကာကွယ်တားဆီးရေး ပြဿနာများအတွက် ဒေသဆိုင်ရာ ဖြေရှင်းချက်များ - ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ထောက်ပံ့ကြေး အစီအစဉ်အရ ဤစီမံကိန်းကို ရန်ပုံငွေထောက်ပံ့သည်။

# အချက်အလက် စာလွှာ၊ အမျိုးသမီးများအား အကြမ်းဖက်မှု ပေါ်ပေါက်နေခြင်းအား ကျွန်ုပ်တို့ ရပ်တန့်နိုင်ပုံ

ပထမဆုံးနေရာတွင် ထိုအကြမ်းဖက်မှု မဖြစ်ပေါ်မီ အမျိုးသမီးများအား အကြမ်းဖက်မှုကို ရပ်တန့်ရန် ကျွန်ုပ်တို့သည် အရေးယူဆောင်ရွက်နိုင်သည်။ ၎င်းကို ပထမအဆင့် ကာကွယ်တားဆီးမှုဟု သိကြသည်။

အမျိုးသမီးများအား အကြမ်းဖက်မှုသည် အဘယ်ကြောင့် ပေါ်ပေါက်ရသည်ကို ကျွန်ုပ်တို့ ဦးစွာ နားလည်ရမည်။

## အမျိုးသားနှင့် အမျိုးသမီးများအကြား မညီမျှသော အခွင့်အာဏာ

အမျိုးသားနှင့် အမျိုးသမီးများတွင် ရှိကြသည့် အာဏာနှင့် ဩဇာလွှမ်းမိုးမှုသည် မညီမျှပေ။ များသောအားဖြင့် အများနှင့် တစ်ကိုယ်ရေ ဘဝတွင် အမျိုးသားများ၌ ပိုမိုကြီးမားသော အာဏာရှိကြသည်။ ဥပမာ နိုင်ငံရေး၊ စီးပွားရေးနှင့် ဘာသာရေးတို့တွင် ခေါင်းဆောင်ရာထူးနေရာများကို အမျိုးသားအများစုက ရယူထားကြသည်။ ၎င်းတို့၏ ဆက်ဆံရေးနှင့် အိမ်တွင်လည်း ၎င်းတို့တွင် ပိုမိုကြီးမားသော အာဏာရှိကောင်း ရှိနိုင်သည်။

## တင်းကျပ်သော ကျား၊မ အခန်းကဏ္ဍများနှင့် သမားရိုးကျပုံစံများ

ကျား၊မ အခန်းကဏ္ဍများနှင့် သမားရိုးကျပုံစံများမှာ “အမျိုးသား” တစ်ယောက်နှင့် “အမျိုးသမီး” တစ်ယောက် ဖြစ်ရခြင်း အဓိပ္ပါယ်နှင့် သက်ဆိုင်သည့် ယုံကြည်မှုများဖြစ်သည်။ ၎င်းတွင် ဥပမာအားဖြင့် အလုပ်၊ အိမ်တွင်း အခန်းကဏ္ဍများ၊ ကလေးပြုစုပျိုးထောင်မှု၊ အားလပ်ရက်နှင့် အဝတ်အစားနှင့် စပ်လျဉ်း၍ အမျိုးသားနှင့် အမျိုးသမီးများအတွက် သင့်လျော်သော အပြုအမူများ ပါဝင်ကြသည်။

အမျိုးသမီးများအား အကြမ်းဖက်မှု ဖြစ်ပေါ်စေသည့် အဓိက အကြောင်းရင်းများမှာ အဘယ်နည်း။

- အမျိုးသားနှင့် အမျိုးသမီးများအကြား မညီမျှသည့် အာဏာ၊
- တင်းကျပ်သော ကျား၊မ အခန်းကဏ္ဍများနှင့် သမားရိုးကျပုံစံများ
- အမျိုးသား၏ အကြမ်းဖက်မှုကို လွတ်ငြိမ်းခွင့်ပေးသည့် လူမှုရေးဆိုင်ရာ သဘောထားများ၊

## အမျိုးသား၏ အကြမ်းဖက်မှုကို လွတ်ငြိမ်းခွင့်ပေးသည့် လူမှုရေးဆိုင်ရာ သဘောထားများ၊

ဤ လူမှုရေးဆိုင်ရာ စံနှုန်းများမှာ အမျိုးသား၏ အကြမ်းပတမ်းပြုမူမှုကို လက်ခံနိုင်သည်ဟု ခံစားရသည့် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းရှိ ယုံကြည်မှုများဖြစ်ကြသည်။ ဤကဲ့သို့သော လူမှုရေးဆိုင်ရာ စံနှုန်းများကို အားကစား၊ မီဒီယာနှင့် အမျိုးသားများအား “အကြမ်းပတမ်းခံနိုင်” ပြီး “ကြံ့ခိုင်” ဟု ဖော်ပြသည့် ပုံစံကဲ့သို့သော ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းတဝှမ်းတွင် တွေ့မြင်နိုင်သည်။

၎င်းတို့၏ ဆက်ဆံရေးတွင် ပိုမိုနည်းပါးသော ရိုသေလေးစားမှုနှင့် ဂုဏ်သိက္ခာဖြင့် အမျိုးသမီးများ ဆက်ဆံခံရခြင်းသို့ ဦးတည်သွားစေသည့် ယုံကြည်မှုများနှင့် လုပ်ဆောင်မှုများကို ဤအဓိက အကြောင်းရင်းများက ပံ့ပိုးသည်။

ဆင်းရဲမှု၊ အရက်ကဲ့သို့သော အခြား အကြောင်းရင်းများ၊ ကလေးတစ်ယောက်အဖြစ်ဖြင့် အကြမ်းဖက်မှုကို ရှုမြင်ခြင်း သို့မဟုတ် အကြမ်းပတမ်းပြုမူသော မိတ်ဆွေများ ရှိခြင်းသည် အမျိုးသမီးများအား အကြမ်းဖက်မှု အကြောင်းရင်းများ ဖြစ်ကြသည်။

**အမျိုးသမီးများအား အကြမ်းဖက်မှုကို ကာကွယ်တားဆီးရန် ကျွန်ုပ်တို့သည် ကျား၊မ တန်းတူမညီမျှမှုကို ဖြေရှင်းကြရမည်။**

City of Casey, Cardinia Shire Council, City of Greater Dandenong နှင့် Monash Health တို့အကြား ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် CHALLENGE Family Violence စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဤအရင်းအမြစ်ကို ရေးသားပြုစုသည်။ ဗိတိုရိယ အစိုးရ၏ ရပ်ရွာ လူ့အဖွဲ့အစည်း ပြစ်မှု ကာကွယ်တားဆီးရေး အစီအစဉ် - ဒေသဆိုင်ရာ ပြစ်မှု ကာကွယ်တားဆီးရေး ပြဿနာများအတွက် ဒေသဆိုင်ရာ ဖြေရှင်းချက်များ - ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ထောက်ပံ့ကြေး အစီအစဉ်အရ ဤစီမံကိန်းကို ရန်ပုံငွေထောက်ပံ့သည်။

# အချက်အလက် စာလွှာ၊ အမျိုးသမီးများအား အကြမ်းဖက်မှုကို ကာကွယ်တားဆီးရာတွင် ကျား-မ တန်းတူညီမျှမှု၏ အရေးပါမှု

အမျိုးသားနှင့် အမျိုးသမီးများအကြား ပိုမိုကြီးမားသော ကျား-မ တန်းတူညီမျှမှုရှိသည့် နိုင်ငံများတွင် ပိုမိုနည်းပါးသည့် အမျိုးသမီးများအား အကြမ်းဖက်မှု အဆင့်များရှိကြသည်။

ကျွန်ုပ်တို့သည် ကျား-မ တန်းတူမညီမျှမှုကို ပုဂ္ဂိုလ်တစ်ဦးချင်းအဖြစ် ကျွန်ုပ်တို့၏ ရပ်ရွာအဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းများတွင် ပိုမိုကျယ်ပြန့်စွာ ဖြေရှင်းနိုင်ကြသည်။

| | ဥပမာများ |
|---|---|
| **လူပုဂ္ဂိုလ် တစ်ဦးချင်း** | • ကျား-မ သမားရိုးကျ ပုံစံများကို လွတ်လပ်စွာ ထုတ်ဖော်ပြောခြင်း<br>• အမျိုးသား၏ အမျိုးသမီးများအား အကြမ်းဖက်မှုကို ထောက်ခံသည့် သဘောထားများကို စိန်ခေါ်ခြင်း<br>• ရိုသေလေးစားသော ဆက်ဆံရေးများကို မြှင့်တင်ခြင်း |
| **ရပ်ရွာလူ့အဖွဲ့အစည်း** | • ဆုံးဖြတ်ချက် ချမှတ်သည့် ရာထူးနေရာများတွင် အမျိုးသမီးများကို ပါဝင်ပတ်သက်စေခြင်း<br>• ခေါင်းဆောင်မှု ရာထူးနေရာများတွင် အမျိုးသမီးများကို ပါဝင်ပတ်သက်စေခြင်း |
| **လူ့အဖွဲ့အစည်း** | • အမျိုးသမီးများအတွက် မညီမျှသော တည်ဆောက်ပုံများနှင့် ကျင့်သုံးမှုများအား ပြောင်းလဲမှုအတွက် ထောက်ကူပံ့ပိုးခြင်း |


**အရင်းအမြစ်များ၊**

အမျိုးသမီးများအတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးရေး ရန်ပုံငွေ (မသိရသေး)

*ကျား-မ တန်းတူညီမျှမှုတွင် ရင်းနှီးမြှုပ်နှံခြင်း၊ အမျိုးသမီးများနှင့် မိန်းကလေးများအား အကြမ်းဖက်မှုကို အဆုံးသတ်ခြင်း။*
www.endvawnow.org/uploads/browser/files/genderequality_vaw_leaflet_en_web.pdf မှ ပြန်လည်ရယူသည်။



City of Casey, Cardinia Shire Council, City of Greater Dandenong နှင့် Monash Health တို့အကြား ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည့် CHALLENGE Family Violence စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ဤအရင်းအမြစ်ကို ရေးသားပြုစုသည်။ ဗိတိုရိယ အစိုးရ၏ ရပ်ရွာ လူ့အဖွဲ့အစည်း ပြစ်မှု ကာကွယ်တားဆီးရေး အစီအစဉ် - ဒေသဆိုင်ရာ ပြစ်မှု ကာကွယ်တားဆီးရေး ပြဿနာများအတွက် ဒေသဆိုင်ရာ ဖြေရှင်းချက်များ - ၏ အစိတ်အပိုင်းဖြစ်သည့် အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအပေါ်တွင် အကြမ်းဖက်မှု လျှော့ချရန် ထောက်ပံ့ကြေး အစီအစဉ်အရ ဤစီမံကိန်းကို ရန်ပုံငွေထောက်ပံ့သည်။